# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 5, 2022 — Volume 50, Number 2


**၅.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၁၆ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၀၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၅၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရွှေဘိုနယ်မှထွက်ရှိသည့် ပေါ်ဆန်းစပါးမှာ နှစ်စဉ် ဈေးကွက်ကောင်းမွန်ခိုင်မာမှုရှိနေ



စပါးဈေးကွက် မတည်ငြိမ်မှုများ အနည်းနှင့်အများဆိုသလို ရှိနေသော်လည်း ရွှေဘိုနယ်မှထွက်ရှိသည့် ပေါ်ဆန်းစပါးဈေးကွက်မှာမူ နှစ်စဉ်ကောင်းမွန်ခိုင်မာမှုရှိနေကြောင်း ဒေသခံများထံမှ သိရသည်။ "ကျွန်တော်က ပေါ်ဆန်း/ဘေးကြားကို ၃၈ ဧကဝန်းကျင် စိုက်ပျိုးထားပါတယ်။ ပေါ်ဆန်းက ဈေးကွက်ကောင်းတဲ့အပြင် ကျွန်တော်တို့ဒေသမှာစိုက်ပျိုးတဲ့အခါ အရည်အသွေးကောင်းထွက်တာကြောင့် စိုက်ပျိုးဖြစ်ခဲ့တာပါ။ ရွှေဘိုနယ်ကထွက်တဲ့ ပေါ်ဆန်းဆိုရင် အရည်အသွေးကောင်းမွန်တဲ့အတွက် ဝယ်လက်တွေက သိပ်ပြီးဂျီးမများဘူး။ တစ်နိုင်ငံလုံးက စပါးစိုက်တောင်သူတွေထဲမှာ ရွှေဘိုနယ်က တောင်သူတွေက ကံအကောင်းဆုံးလို့ ပြောလို့ရပါတယ်။ ဈေးကွက်ပျက်တာမျိုး မရှိပါဘူး။ ဈေးကွက်ခိုင်မာမှုရှိနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ လိပ်ချင်းကျေးရွာမှ ပေါ်ဆန်း/ဘေးကြား စိုက်ပျိုးသူ ကိုမျိုးမင်းသန်းက ပြောသည်။

ပေါ်ဆန်း/ဘေးကြားစပါး စိုက်ပျိုးရာတွင် ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးနည်းစနစ်နှင့် စိုက်ပျိုးကုန်ကျစရိတ်များ မတူညီဘဲ၊ အကြမ်းဖျဉ်းအားဖြင့် တစ်ဧကစိုက်ပျိုးစရိတ်မှာ ကျပ်(၄)သိန်းမှ ကျပ်(၅)သိန်းအတွင်း ကုန်ကျနိုင်ကြောင်းသိရသည်။ "အထွက်နှုန်းကတော့ တစ်ဧကကို တင်း (၇၀) ကနေ တင်း (၁၀၀) ကြား ထွက်ရှိပါတယ်။ အထွက်နှုန်းက သွင်းအားစု ကျွေးမွေးပုံနဲ့ ပြုစုစောင့်ရှောက်ပုံအပေါ်လည်း မူတည်ပါတယ်။ တစ်ဧကစိုက်ပျိုးစရိတ်ကလည်း တစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်ပါဘူး။ တစ်ချို့ကျတော့ မိသားစုဝင်များတော့ ကိုယ့်လယ်ကို ကိုယ်တိုင်စိုက်ပျိုးကြတယ်၊ လုပ်သားစရိတ် မကုန်ကျတာမျိုးလည်း ရှိနိုင်ပါတယ်။ ရွှေဘိုပေါ်ဆန်းစိုက်တယ်ဆိုရင် အဓိကကတော့ မျိုးကောင်းမျိုးသန့်ရရှိဖို့ပါပဲ။ နောက်တစ်ခု သတိထားရတာကတော့ ပိုးမွှားရောဂါ ကျရောက်မှုပါပဲ။ တခြားသီးနှံတွေထက်စာရင် ပိုးမွှားကြိုက်တတ်တဲ့ သီးနှံမို့လို့ပါ။ ကြွက်တို့ ဆစ်ပိုးတို့

ကိုက်တတ်တယ်။ စိုက်ပျိုးတဲ့အခါမှာ အဲ့ဒီအချက်လေးတွေ သတိထားရပါတယ်"ဟု ကိုမျိုးမင်းသန်းက ဆက်လက်ပြောသည်။ ရွှေဘိုနယ်မှထွက်ရှိသော ပေါ်ဆန်း/ဘေးကြားများကို ကုန်သည်/စက်ပိုင်များမှတဆင့် ရန်ကုန်မြို့နှင့်တခြားဒေသများသို့ တင်ပို့ရောင်းချနေပြီး၊ စပါးဈေးအနေဖြင့် စပါးတင်း (၁၀၀) လျှင် (၁၀) သိန်းကျပ်နှင့်အထက် ရရှိနေကြောင်းသိရှိရသည်။

**Source:** https://greenwaymyanmar.com/posts/Shwebo_paw_hsan_has_a_good_market_every_year

## မာန်အောင်ကျွန်း ခရီးသွားလုပ်ငန်းကို ယခုလတွင် ဖွင့်လှစ်မည်

ရခိုင်ပြည်နယ် မာန်အောင်ကျွန်း၏ သဘာဝအခြေပြု ခရီးသွားလုပ်ငန်းကို ဇန်နဝါရီ ၂၆ ရက်တွင် စတင် ဖွင့်လှစ်မည်ဖြစ်ကြောင်း မာန်အောင်အများပိုင်ကုမ္ပဏီမှ သိရသည်။ မာန်အောင်ကျွန်း၏ သဘာဝအခြေပြု ခရီးသွားလုပ်ငန်းသည် ကအီးရွာနှင့် မိန်းမကြွယ်ကျေးရွာအကြားတွင်တည်ရှိပြီး ဘန်ဂလိုအပါအဝင် စုစုပေါင်းအပန်းဖြေနားနေနိုင်သည့် အခန်း ၈၀ ခန့်ပါဝင်ကြောင်းသိရသည်။

အဆိုပါ မာန်အောင်ကျွန်း၏ သဘာဝအပန်းဖြေစခန်းတွင် ရင်းနှီးမြှုပ်နှံမည့်သူများကိုဖိတ်ခေါ်မှုများ ဆက်လုပ်ဆောင်သွားမည်ဖြစ်ကာ လက်ရှိဖြစ်နိုင်ငံရေး အခြေအနေများနှင့် ကိုဗစ်ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်မှုနောက်ကျမည်ကို စိုးရိမ်လျက်ရှိပြီး သဘာဝအပန်းဖြေစခန်းသည် လုပ်လက်စဖြစ်နေသည့်အတွက် ကုန်ကျစရိတ်နှင့် ဝန်ထမ်းစရိတ်ကာမိဖို့သာ မျှော်လင့်ထားကြောင်း မာန်အောင်အများပိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလှိုင်ထံမှသိရသည်။

မာန်အောင်ကျွန်း ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော သဘာဝအခြေပြု ခရီးသွားလုပ်ငန်းတွင် ဟိုတယ်ဇုန်၊ ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းနှင့် Resource တို့ပါဝင်ပြီး မာန်အောင်ကျွန်းသည် ကျောက်ဖြူခရိုင်ထဲတွင်ပါဝင်ပြီး ကျောက်ဖြူမြို့မှ ရေမိုင် ၈၇ မိုင်အကွာတွင် တည်ရှိကာ ၂၂၀ စတုရန်းမိုင်ကျယ်ဝန်းပြီး သာယာလှပသည့် ကမ်းခြေများရှိသော ကျွန်းတစ်ကျွန်းလည်းဖြစ်သည်။

**Source:** http://sdtimedaily.com/

## စက်သုံးဆီဈေးပြန်မြင့်တက်လာ

ပြည်တွင်းစက်သုံးဆီဈေးမှာ ၂၀၂၂ နှစ်ဆန်းပိုင်းတွင် အမြင့်ဈေးဖြစ်ပေါ်နေပြီး တစ်လီတာ ကျပ် ၁၄၀၀ ဝန်းကျင်ဖြင့်ဈေးနှုန်းပြန်မြင့်တက်လာကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းများအရ သိရသည်။ ဇန်နဝါရီ ၃ ရက် ရန်ကုန်ဈေးကွက်တွင် စက်သုံးဆီလက်လီဈေး ဒီဇယ်တစ်လီတာလျှင် ၁၃၇၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာလျှင် ၁၃၈၅ကျပ်၊ အောက်တိန်း 92 Ron တစ်လီတာလျှင် ကျပ် ၁၃၉၀၊ အောက်တိန်း 95 Ron တစ်လီတာလျှင် ကျပ် ၁၄၄၀ ဝန်းကျင်ဖြင့်ဈေးမြင့်တက်နေကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် စက်သုံးဆီလက်လီဈေးဒီဇယ်တစ်လီတာ ကျပ် ၁၄၀၀၊ ပရီမီယံ (Premium) ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၄၂၀၊ အောက်တိန်း 92 Ron တစ်လီတာလျှင် ကျပ် ၁၄၄၀၊ အောက်တိန်း 95 Ron တစ်လီတာလျှင် ၁၅၄၅ ကျပ်ဝန်းကျင်တွင်ရှိနေကြောင်းသိရသည်။ စက်သုံးဆီအား ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းရသည့် အမေရိကန်ဒေါ်လာ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ဇန်နဝါရီ ၃ ရက်ပြင်ပဈေးတွင် တစ်ဒေါ်လာလဲနှုန်း ဝယ်ဈေး ၁၉၀၅ ကျပ်၊ ရောင်းဈေး ကျပ် ၁၉၂၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးမှာမူ ဇန်နဝါရီ ၃ ရက်ဈေးနှုန်းအရ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၈၄ ဒေါ်လာရှိကြောင်းသိရသည်။ ပြည်တွင်းစက်သုံးဆီဈေးမှာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်က တစ်လီတာလျှင် ကျပ် ၁၇၀၀ အထိ ဈေးမြင့်တက်ခဲ့ပြီးနောက် ဈေးပြန်ကျဆင်းခဲ့သော်လည်း ၂၀၂၂ နှစ်ဆန်းပိုင်းတွင် ဈေးပြန်မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## တရုတ်နိုင်ငံသို့ပို့မည့် ဖရဲသီးများ ခေါက်တိုတရုတ်ကားရှာရခက်ခဲခြင်းနှင့် လမ်းပိုင်းကြန့်ကြာခြင်းတို့ကြောင့် အရည်အသွေးကျဆင်း၍ ပယ်သီးများစွာဖြစ်ပေါ်နေပြီး စွန့်ပစ်နေရ



မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ တရုတ်သို့ပို့မည့်ဖရဲသီးများ ခေါက်တိုတရုတ်ကား ရှာရခက်ခဲခြင်းနှင့် လမ်းပိုင်းကြန့်ကြာခြင်း၊ တရုတ်နိုင်ငံ ဝမ်တိန်သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ကြန့်ကြာခြင်းတို့ကြောင့် အရည်အသွေးကျဆင်းကာ ပယ်သီးများစွာဖြစ်ပေါ်နေပြီး စွန့်ပစ်နေရကြောင်း ဖရဲစိုက်တောင်သူများနှင့် ကုန်သည်ပွဲစားများထံမှ သိရသည်။ ကြန့်ကြာခြင်းတို့နှင့် တရုတ်နိုင်ငံ ဝမ်တိန်သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ကြန့်ကြာခြင်းတို့ကြောင့် အချို့ဖရဲကားများမှာ ရက် ၂၀ မျှ စောင့်ဆိုင်းရမှုကြောင့် အသီးအရည်အသွေးကျဆင်းကာ ပယ်သီးများစွာဖြစ်ပေါ်နေပြီး စွန့်ပစ်နေရခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်သို့ပို့မည့် ဖရဲသီးကားများ မန္တလေးမြို့ဘက်မှတက်လာစဉ် ၁၆ မိုင်စစ်ဆေးဂိတ်တွင် ရက်အနည်းငယ်စောင့်ဆိုင်းရခြင်း၊ မူဆယ်မြို့ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ တရုတ်ခေါက်တိုကားရှာရမှု "၁၆ မိုင်နဲ့ ၁၀၅ မိုင်မှာ ရက်ကြာသွားတာရယ်၊ လာကတည်းက အရည်အသွေးမပြည့်မီတာတွေကြောင့်ဖြစ်မယ်ထင်တယ်။ ဒီဘက်က ခါလီကားခေါ်ရတာ ခက်ခဲတာရယ်၊ ပြီးတော့ သူတို့တက်လာကတည်းက အမှည့်စိုက်တွေပါယူခဲ့တာရယ် အဲဒီလိုဖြစ်တာများမယ်ထင်တယ်။ တချို့ဟာတွေက ကားရပြီး ချိန်းနေတဲ့အချိန်မှာ ဒီကနေသန့်ပြီး ပြန်တင်ပေးလိုက်တဲ့အချိန်မှာ ပယ်သီးပြန်ဖြစ်သွားရတာ။ အရင်က မြန်မာဘက်က ဂျူတီဆောင်ပြီးဝင်ရတော့ တရုတ်ထဲကိုရောက်တယ်။ တရုတ်ထဲမှာပယ်တဲ့ အဲဒီသဘောအတိုင်းပါ။ ဒီတစ်နှစ်ကျတော့ တရုတ်မှာလည်း ဂျူတီဆောင်ရမယ်ဆိုတော့ ဒီပယ်သီးတွေကို ဂျူတီသွားဆောင်ပေးမယ့် အတူတူကိုယ့်မြန်မာနိုင်ငံဘက်မှာ ပယ်ပြီးတော့ အကောင်းပဲတင်သွားတဲ့သဘောမျိုးလည်း ဖြစ်နိုင်ခြေရှိပါတယ်" ဟု ဖရဲကုန်သည် ဒေါ်နန်းခမ်းခင်က ပြောကြားသည်။

ဖရဲသီးတင်ဆောင်လာသည့် ကားများအနေဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်အတွက် စစ်ဆေးမှုကြန့်ကြာခြင်း၊ မြန်မာကုန်ကားများ တိုက်ရိုက်ဝင်ရောက်ခွင့်မရှိဘဲ တရုတ်ခေါက်တိုကားဖြင့်သာ ဝင်ရရခြင်းအပေါ် တရုတ်ခေါက်တိုကားခမြင့်တက်နေပြီး ကားရှာရခက်ခဲခြင်းများရှိခြင်းကြောင့် ရက်ကြာလာသည်နှင့်အမျှ ဖရဲသီးများ အရည်အသွေးကျဆင်းလာခြင်းကြောင့် ပယ်သီးများဖြစ်ပေါ်ရကာ စွန့်ပစ်လိုက်ရတာဖြစ်ကြောင်း ကုန်တင်ကားဆရာတစ်ဦးက ပြောကြားသည်။

တရုတ်ခေါက်တိုကားခဈေးနှုန်းမှာ တစ်ရက်နှင့်တစ်ရက်မတူညီဘဲ တရုတ် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးလျှင် တရုတ်ယွမ်နှစ်သောင်းခွဲမှ သုံးသောင်းဝန်းကျင် (ကာလဒေသပေါက်ဈေး ကျပ် ၇၅ သိန်းမှ ၉၄ သိန်းဝန်းကျင်) ပေးဆောင်ငှားရမ်းရခြင်းနှင့် နှစ်ဖက်ရှန်တိန်ယာဉ်မောင်း၊ နှစ်ဖက်ကွင်းကြေးနှင့် အခြားမလိုအပ်သော အပိုကုန်ကျငွေများထည့်ပေါင်းပါက ဖရဲသီးကုန်တင်ကားတစ်စီးလျှင် သိန်း ၁၀၀ ကျော် ကုန်ကျစရိတ်ရှိနေကြောင်း ကုန်သည်များကဆိုသည်။ ထိုသို့ စစ်ဆေးမှုကြန့်ကြာခြင်း၊ မြန်မာကုန်ကား တိုက်ရိုက်ဝင်ရောက်ခွင့်မရှိဘဲ တရုတ်ခေါက်တိုကားခ မြင့်တက်နေပြီး ကားရှာရခက်ခဲခြင်းများ ရှိခြင်းတို့အပြင် အပိုကုန်ကျငွေများ ရှိခြင်းကြောင့် ဖရဲစိုက်တောင်သူများ အလုံးစုံခက်ခဲမှုများ ကြုံနေရကြောင်းသိရသည်။ "တောင်သူတွေရဲ့ အခက်အခဲက အားလုံးပဲ။ ဘယ်ဟာမှ ဖြောင့်ဖြောင့်တန်းတန်းရောက်လာတယ်ကို မရှိပါဘူး။ ခြံထဲက စထွက်လာပြီဆိုကတည်းက ၁၆ မိုင်မှာတင် ခက်ခဲလာတာပါပဲ။ ၁၆ မိုင်ကလည်း တစ်ရက်နဲ့တစ်ရက် မတူဘူးဖြစ်နေတာ။ တချို့ရက်ကြတော့ မြန်တယ်။ တချို့ရက်တော့လည်းကြာတယ်။ အဲဒီကစပြီး မူဆယ်အထိကတော့ ငွေလမ်းခင်းပြီးမှရောက်လာတာ။ ကိုယ့်စီကနေ ညီညီညွတ်ညွတ်နဲ့ တိုင်တိုင်ပင်ပင် မလုပ်ဘူးဆိုရင်တော့ ကျွန်မတို့တောင်သူဘက်ကတော့ ခံဘက်ကြီးပဲ။ တောင်သူရော ပွဲစားရော ခံဘက်ကြီးပဲ" ဖရဲစိုက်တောင်သူ မနန်းကပြောကြားသည်။

မန္တလေးမှ မူဆယ်အထိ ကီလိုမီတာ ၂၀၀ ကျော်ခရီးအတွက် ကုန်တင်ကားခမှာ တစ်တန်လျှင် ကျပ် ၄၀၀၀၀ ပေါက်ဈေးရှိပြီး ကုန်ခြောက်ကုန်စည်တင်ပို့ပါက ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ခြောက်သိန်းခွဲမှ ခုနစ်သိန်းသာပေးရပြီး ဖရဲသီးတင်ကားခမှာ ၁၂ ဘီးကို ၁၀ သိန်းကျော်ပေးရကြောင်း သိရသည်။ တရုတ်နိုင်ငံ ဝမ်တိန်ကားကွင်းမှ မြန်မာနိုင်ငံဘက် ကျင်စန်းကျော့ဂိတ်ရွှေလှယ်အင်ကုန်တင်ကွင်းအထိ တစ်ကီလိုမီတာမျှ မရှိသောခရီးအတွက် တရုတ်ခေါက်တိုကားခမှာ သိန်း ၁၀၀ နီးပါး ပေးရ

သော်လည်း ကားရှားနေကာ ကားရှာရခက်ခဲခြင်းဖြစ်ပေါ်နေပြီး အခြားမလိုအပ်သောအပိုငွေများ ပေးဆောင်နေရခြင်းများကြောင့် တရုတ်-မြန်မာ ခေါက်တိုသယ်ယူပို့ဆောင်ရေးအပိုင်း၌ တရုတ်ကုန်တင်ယာဉ်တစ်စီးလျှင် သိန်းတစ်ရာကျော် ပေးနေရခြင်း ဖြစ်ကြောင်း မူဆယ်မြို့ရှိ ကုန်သည်ကြီး ဦးသန်းက ပြောကြားသည်။

စမ်းသပ်ဖွင့်နေသည့်ကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုကို ပို့ကုန်ကား ၁၀၀၊ သွင်းကုန်ကား ၁၀၀ စီ ခန့်မှန်းလုပ်ဆောင်ခဲ့သော်လည်း တရုတ်ဘက်က ကိုဗစ်ရောဂါနှင့် ပတ်သက်၍ တင်းတင်းကျပ်ကျပ် စစ်ဆေးမှုများကြောင့် ကြန့်ကြာနေရခြင်းခြင်းနှင့် အခြားရှုပ်ထွေးမှုများ ရှိခြင်းကြောင့် ကားရှာရခက်ခဲခြင်းဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် ကိုဗစ်ရောဂါမဖြစ်ပွားစေရန် စနစ်တကျလုပ်ဆောင်ကာ ကုန်သွယ်မှုလျှင်မြန်စေရန် မြန်မာနိုင်ငံတာဝန်ရှိသူများက တောင်းဆိုလုပ်ဆောင်နေကြောင်း သိရသည်။ "ကျွန်တော်တို့ နိုင်ငံသားတွေဒုက္ခရောက်မှာစိုးလို့ ကားရရှိရေးတို့ကို လိုက်တွန်းပြီး လုပ်ပေးနေပါတယ်။ ကုန်သွယ်မှုညီမျှဖို့နဲ့ လွယ်ကူလျှင်မြန်ဖို့ စာနဲ့တောင်းတာရှိတယ်။ တယ်ဟုန်က ကုန်သွယ်ရေးညွှန်မှူးနဲ့ဆို တောက်လျှောက်ပြောနေတာ။ သူတို့ဘက်မှာ ပိုပြီးရှုပ်ထွေးနေတဲ့ အနေအထားတွေရှိတယ်။ ကုမ္ပဏီတွေ လုပ်ပိုင်ခွင့်ပေးထားတာကြောင့် ကားရရှိရေးမှာ တော်တော်လေးခက်ခဲနေတာပေါ့။ မြန်မာကားတွေ ဝင်ထွက်ဖို့တော့ ပြောထားတယ်။ သူတို့ကလည်း ကိုဗစ်ရောဂါအတွက် တင်းကျပ်ထားတဲ့အခါမှာ မြန်မာကားအဝင်မခံနိုင်ဘူး အဲဒီလိုဖြစ်နေတာ။ ဒါကြောင့်မို့ ကားရှားနေတာ။ ကျွန်တော်တို့ကလည်း ကိုဗစ်ရောဂါကာကွယ်ရေးစည်းကမ်းတွေကို စနစ်တကျလိုက်နာပြီး ဆောင်ရွက်နေတယ်။ ကုန်သွယ်မှုကနေ ပိုးကူးမှု မဖြစ်ချင်ဘူး။ ဒါကြောင့်ကျွန်တော်တို့ ကြိုးစားပြီးလုပ်နေသလို ကုန်သည်တွေဘက်ကလည်း ကိုယ်လုပ်သင့်လုပ်ထိုက်တာကို ကြိုးစားပြီး လုပ်သင့်တယ်။ ကျွန်တော်တို့ဌာနတွေရယ် အသင်းအဖွဲ့တွေရယ် ဝိုင်းဝန်းကြိုးစားနေတယ်။ တဖြေးဖြေးတော့ ကုန်သွယ်မှု တိုးတက်လာမှာပါ" ဟု နယ်စပ်ကုန်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုစမ်းသပ်ဖွင့်လှစ်သည့် နှစ်နိုင်ငံကုန်သွယ်မှုအပေါ် တရုတ်နိုင်ငံက ကုန်တင်ယာဉ်ဝင်ထွက်မှုအပိုင်းကို ပုဂ္ဂလိကပိုင်လုပ်ငန်းဝန်ဆောင်မှုအဖြစ် တင်ဒါခေါ်ယူပြီး လုပ်ကိုင်စေခဲ့ရာ တင်ဒါအောင်ကုမ္ပဏီများက နှစ်နိုင်ငံဝင်ထွက်မှုအပိုင်းကို အခွင့်ကောင်းယူပြီး တရုတ်ကုန်တင်ယာဉ်များ၏ ကားငှားခအဆမတန်မြင့်တင်ခြင်း၊ မြန်မာကုန်တင်ကားများကို ဝင်ရောက်ခွင့်မရှိခြင်းကြောင့် အဝင်အထွက် ကုန်စည်များအပေါ် တရုတ်ကုန်တင်ယာဉ်များကသာ လုပ်ဆောင်နေကြောင်းသိရသည်။ ထို့သို့ တရုတ်ခေါက်တိုကားခ အဆမတန်မြင့်တက်ခြင်း၊ ကားရှာရခက်ခဲခြင်း၊ မလိုအပ်သောအပိုငွေ ကုန်ကျနေခြင်းများကြောင့် မြန်မာတောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်အချို့ ဆုံးရှုံးမှုကြုံတွေ့နေရကာ ဆန်တင်ပို့မှုအချို့ ရပ်နားထားပြီး တရုတ်သို့ တင်ပို့မည့်ပဲများအား မန္တလေး၊ ရန်ကုန်သို့ ပြန်လည်သယ်ဆောင်မှုများရှိကြောင်း မူဆယ်-နမ့်ခမ်းကုန်သည်များထံမှသိရသည်။ ဇန်နဝါရီ ၃ ရက် ဖရဲပေါက်ဈေးမှာ အသီး၏အရည်အသွေးပေါ်မူတည်ပြီး တစ်ကီလိုလျှင် ၆ ယွမ်ဝန်းကျင် (၁၈၇၅ ကျပ်) အမြင့်ဆုံး ရရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/223268

## မန္တလေးဈေးကွက်တွင် ပေါ်ဦးပေါ်ဖျားမြေထောက်ပဲ ယခင်နှစ်များထက် အဖွင့်ဈေးကောင်းရနေပြီး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဖြင့် စတင်ဈေးဖွင့်



၂၀၂၂ နှစ်ဆန်းပိုင်းတွင် ပေါ်ဦးပေါ်ဖျား မြေထောက်ပဲ မန္တလေးဈေးကွက်တွင် ယခင်နှစ်များထက် အဖွင့်ဈေးကောင်းရနေပြီး လက်ရှိရာသီအဖွင့်ဈေး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်ဟု မန္တလေးမြို့ ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါပဲများမှာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်း ယခုကဲ့သို့ ပေါ်ခါစအချိန်က မြေထောက်ပဲအသစ်မှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဈေးရှိပြီး ယခုနှစ်တွင် သိသာထင်ရှားစွာ မြေထောက်ပဲကို ဇန်နဝါရီပထမပတ်တွင် ဈေးစတင်ဖွင့်လှစ်ခြင်း သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၁၄၀၀၀၀ ဖြင့် ဈေးဖြင့် ဈေးကောင်းရနေသည်ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့် ပွဲရုံ) က

ပြောကြားသည်။ “၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ဈေးကွက်ထဲ နှစ်ဦးမှာ မြေထောက်ပဲအသစ်တွေ စတင်ဝင်ရောက်လာတယ်။ ဗန်းမော်၊ ကသာနယ်တွေဘက်ကနေ ဝင်ရောက်လာတယ်။ နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလက စတင်ပြီး ပဲအသစ်ပေါ်ပါတယ်။ မြေထောက်ပဲကို ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်းတွေမှာ စိုက်ပျိုးကြတယ်။ သိပ်ပြီးပူလွန်းတဲ့ ဒေသတွေမှာ စိုက်ပျိုးလို့မရဘူး။ ကသာ၊ ထီးချိုင့်နယ်အောက်ပိုင်းဆို စိုက်ပျိုးလို့မရဘူး။ ရာသီဥတုမျှတတဲ့နေရာတွေမှာ စိုက်ပျိုးလို့ရတယ်။ မြေထောက်ပဲကို တစ်နှစ်မှတစ်ခါသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြတယ်။ အဓိကဈေးကွက်က အိန္ဒိယဘက်ကို အမှီပြုပြီး ပြည်ပပို့ကုန်ပဲဖြစ်တယ်။ အိန္ဒိယနိုင်ငံကလည်း ထုတ်ပိုးမှုတွေ ပြုပြင်ပြောင်းလဲပြီး အရှေ့အလယ်ပိုင်း အာရပ်တိုင်းပြည်တွေကို တင်ပို့နေတာဖြစ်တယ်။ မြေထောက်ပဲကို လွန်ခဲ့နှစ်လေးနှစ်လောက်ကစပြီး တရုတ်ပြည်ကို စတင်တင်ပို့ရာကနေ လက်ရှိအချိန်ထိ အိန္ဒိယနဲ့တရုတ်နိုင်ငံကို ပို့ကုန်အဖြစ်နဲ့ တင်ပို့နေပါတယ်။ မနှစ်က မြေထောက်ပဲက သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၁၆၀၀၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့တယ်။ အခု ပေါ်ပေါ်ခြင်း ၁၄၀၀၀၀ ဈေးရှိပါတယ်။ ဒီနှစ်က ရာသီဥတုကကောင်းပြီး ပိုးမွှားဖျက်ဆီးမှုနည်းတော့ အထွက်နှုန်းကောင်းမယ်လို့ ခန့်မှန်းရပါတယ်။ မြေထောက်ပဲက ပြည်တွင်းစားသုံးမှုနည်းပြီး ပြည်ပဝင်ငွေရရှိအောင်လုပ်ပေးတဲ့ ပဲဖြစ်ပါတယ်။ မြေထောက်ပဲ လှိုင်လှိုင်ပေါ်တဲ့အချိန်က ဖေဖော်ဝါရီ၊ မတ်လတို့ဖြစ်တယ်။ မြေထောက်ပဲ ကာလတူနှိုင်းယှဉ်ရင် မနှစ်က အဖွင့်ဈေးထက် ကျပ် ၄၀၀၀၀ ခန့် ဈေးပိုရနေပြီး အဖွင့်ဈေးကောင်းနေတယ်” ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောကြားသည်။

မြေထောက်ပဲသည် မိုးများသည့်ဒေသများနှင့်အပူပိုင်းဒေသများတွင် စိုက်ပျိုး၍မရဘဲ ရာသီဥတုသင့်တင့်မျှတသည် ဧရာဝတီမြစ်ရိုးအထက်ပိုင်း မတ္တရာ၊ စဉ့်ကူးအထက်ပိုင်းမှစပြီး ကသာ၊ ဗန်းမော်ဒေသအထိ စိုက်ပျိုးကြသည်။ ချင်းတွင်းမြစ်ရိုး အထက်ပိုင်း ကလေး၊ ကလေးဝတို့တွင် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံတွင် ကသာ၊ ဗန်းမော်ဒေသမှထွက်သည့် မြေထောက်ပဲသည် အရောင်ညိုအလုံးကြီးပြီး ဈေးကွက်ဝင် အကောင်းဆုံးမြေထောက်ပဲနှင့် ပခုက္ကူ၊ မြစ်ခြေနယ်တို့မှထွက်ရှိသည့် ပဲယင်းများမှာ ဈေးကွက်တွင် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/223193

## ပခုက္ကူသီးနှံဈေးကွက်အတွင်း ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်နေပြီး တစ်တင်း ကျပ် ၂၅၀၀ ခန့် ဈေးမြင့်တက်လာ



ပခုက္ကူသီးနှံဈေးကွက်အတွင်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်လာပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလဆန်းပိုင်း၌ တစ်တင်း ကျပ် ၂၅၀၀ ခန့်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း ကုန်သည်နှင့် တောင်သူများထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပဲစင်းငုံတစ်တင်း ကျပ် ၃၄၀၀၀ ခန့် ပေါက်ဈေး ရှိရာမှ ဝယ်ယူမှုများပြားခြင်းကြောင့် ဈေးနှုန်း မြင့်တက်လာရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက် ပခုက္ကူသီးနှံဈေးကွက်တွင် တစ်တင်းလျှင် ကျပ် ၃၆၆၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ပခုက္ကူဒေသတစ်ဝိုက်မှ ပဲစင်းငုံစိုက်တောင်သူများမှာ သက်လတ်ပဲစင်းငုံပင်များအား စတင်ရိတ်သိမ်းခြွေလှေ့နေပြီး အထွက်နှုန်း သင့်တင့်သည့်အတွက် လက်ရှိပေါက်ဈေးနှုန်းဖြင့် ရောင်းချရပါက အဆင်ပြေနိုင်ကြောင်းသိရသည်။ “သက်လတ်ပဲစင်းငုံတွေတော့ရိတ်နေပြီ။ အထွက်မဆိုးဘူး။ သက်ရင့်တွေကတော့ ဒီလကုန်လောက်မှရိတ်ရမယ်။ သက်ရင့်လည်း အသီးအခြေအနေအရ အထွက်ကောင်းနိုင်တယ်။ ပဲစင်းငုံက ဒီနှစ်မှ ပြန်စိုက်ကြတော့ အထွက်နှုန်းတော့ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ဘူး။ တချို့လည်း လေးမြောင်းခြား တချို့လည်း ခြောက်မြောင်းကြား ညှပ်စိုက်ကြတာ။ တောင်သူတွေ အကုန်ရိတ်ပြီး ခြွေပြီးလို့ရောင်းတဲ့အခါမှာ လက်ရှိတစ်တင်း ၃၆၀၀၀ ကျော်ဈေးအောက် မလျော့ဘူးဆိုရင် အကျိုးရှိမှာပါ။ ပဲစင်းငုံက အညာဒေသနဲ့ကိုက်တယ်။ မြေသြဇာအထည့်ရနည်းတော့ ကုန်ကျစရိတ်လည်း သက်သာတယ်။ မနှစ်က ဈေးတက်လာလို့ ဒီနှစ်မှ ပြန်စိုက်ကြတာ” ဟု ပခုက္ကူမြို့နယ်မှ တောင်သူ ကိုညွန့်လွင်ကပြောကြားသည်။

ပခုက္ကူဒေသထွက် ပဲစင်းငုံသီးနှံအား အိန္ဒိယဝယ်လက်များ အဓိကဝယ်ယူသည့်အတွက် အိန္ဒိယဈေးကွက်ပေါ်တွင် မူတည်ပြီး ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် ကျဆင်းခဲ့သည့် ပဲစင်းငုံဈေးနှုန်းမှာ ၂၀၂၁ ခုနှစ် ရောက်ရှိမှသာ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ကြောင်းသိရသည်။ “ ပဲစင်းငုံက ၂၀၁၇ မှာ အိန္ဒိယက မဝယ်လို့ ဈေးထိုးကျတယ်။ တစ်တင်းကို ၆၀၀၀ ကျော်လောက်ထိကို ရောက်သွားတာ။ အဲဒီတော့ တောင်သူကလည်း ရှုံးတော့မစိုက်ဘူး။ ကုန်သည်ကလည်း ဝယ်လက်မရှိတော့ မဝယ်ရဲဘူး။ ၂၀၂၀ ထိအောင်ကို ပဲစင်းငုံဈေးကွက်က အတော်ကို ညံ့ပါတယ်။ ကုန်လက်ကျန်နည်းချိန် ၂၀၂၁ မှ အိန္ဒိယကပြန်ဝယ်လို့ တစ်တင်းကို နှစ်သောင်းကျော်လောက်ဖြစ်လာတာ။ တဖြည်းဖြည်း ဈေးတက်လာရာကနေ ဒီနှစ်ဆန်းတော့ တစ်တင်းသုံးသောင်းအထက်မှာ ရှိတယ်”ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။ ပခုက္ကူဈေးကွက်အတွင်း ဝင်ရောက်ဆဲ ဖြစ်သည့် နှမ်းနက်စမုံမှာ ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး နှမ်းနက်စမုံရှယ်တစ်တင်း ကျပ် ၆၂၀၀၀ – ၆၃၀၀၀ ၊ နှမ်းနက်စမုံ (ပုံမှန်) တစ်တင်း ကျပ် ၄၀၀၀၀ – ၆၀၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/223192

## ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်-လာရင်း မြန်မာ-တရုတ် လွယ်ဂျယ်နယ်စပ်ဂိတ်ကို မကြာမီဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေ



ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၊ လွယ်ဂျယ်-လာရင်း မြန်မာ-တရုတ် နယ်စပ်ဂိတ်ကို ဖွင့်လှစ်ရန်ပြင်ဆင်နေကြောင်း သတင်း ရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံဘက်ခြမ်းရှိ ကားဂိတ်၊ ကုန်တင်ကုန်ချ အလုပ်သမားစင်တာတို့ကို ပြင်ဆင်ထားပြီး နေထိုင်သူများကို ကိုဗစ်ကာကွယ်ဆေး ထိုးပြီးကြောင်းစစ်ဆေးခြင်း၊ Quarantine နေစေခြင်းများပြုလုပ်ထားကြောင်း လွယ်ဂျယ်မြို့မှ အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။ ယင်းက “ကျွန်တော်တို့က ပြင်ဆင်ထားတွေ လုပ်ထားပြီ။ မျှော်လင့်တာကတော့ ဇန်နဝါရီ ၅ ရက်နေ့ ဖွင့်နိုင်ဖို့ပေါ့။ တရုတ်ကတော့ ရက်မပေးနိုင်သေးဘူး။ လွန်ခဲ့တဲ့ ရက်ပိုင်းက ပြည်ထောင်စုအဆင့် ဆွေးနွေးတာက ငှက်ပျောကြုံကို အရင်ပို့မယ်။ မြန်မာဘက်က ပြောင်း၊ ဆန်၊ နှမ်းပို့ဖို့ ဆွေးနွေးကြတယ်။ နေရာတွေက အသင့်လောက်ဖြစ်နေပြီ။ ကုန်တင်ကုန်ချသမားတွေ၊ ကားအတွက်နေရာတွေ ပြင်ဆင်ထားပါပြီ။ တရုတ်နိုင်ငံ “လာရင်း”က တရုတ်နိုင်ငံသားတွေလည်း သူတို့အိမ်တွေပြန်မရောက်သေးဘူး” ဟု ပြောကြားသည်။

ကချင်ပြည်နယ် လွယ်ဂျယ်ဂိတ်အဝင် တရုတ်နိုင်ငံ လာရင်းမြို့တွင် မြန်မာနိုင်ငံဘက်မှ ကုန်တင်ကားအစီး ၄၀၀ ကျော် လချီ ပိတ်မိနေသည့်ကိစ္စရပ်များမှာလည်း ကားများ မြန်မာနိုင်ငံအတွင်း သယ်ယူရန်ကြန့်ကြာနေသေးကြောင်း သိရသည်။ ဗန်းမော်မြို့မှ ကားပိုင်ရှင် ကိုရဲက “ နယ်စပ်ဂိတ်က ဖွင့်မှပြန်ရမယ့်သဘောပါ။ တရုတ်ဘက်က အခြေအနေက ပုံမှန်ကို ပြန်မဖြစ်သေးတော့ တရုတ်နှစ်သစ်ကူးပြီး ဖေဖော်ဝါရီ လဆန်းပိုင်းလောက်ပဲ မျှော်မှန်းထားတော့တယ်။ ကားပိုင်ရှင်တွေ၊ ကားဒရိုင်ဘာ၊ စပါယ်ယာ အားလုံးကတော့ ဝင်ငွေတွေ ရပ်ဆိုင်းကုန်တော့ ဒုက္ခရောက်တာပေါ့” ဟု ပြောကြားသည်။

ကန်ပိုင်တီးနယ်စပ်ကုန်သွယ်ရေးဂိတ်မှာ လွန်ခဲ့သည့် ဒီဇင်ဘာလလယ်ပိုင်းမှစတင်ကာ တစ်ရှူးငှက်ပျောကားများ ပို့ဆောင်နေပြီး တစ်ရက်လျှင် အစီးရေ ၅၀ ဝန်းကျင်သာ ကုန်သွယ်နိုင်သေးကြောင်းသိရသည်။ ကချင်ပြည်နယ်တွင် COVID-19 ကူးစက်မှုမြင့်မားလာမှုကြောင့် လွန်ခဲ့သည့် ဇူလိုင်လ ၁၁ ရက်တွင် ပိတ်ထားခဲ့သည့် ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် စက်တင်ဘာလဆန်းပိုင်းမှစတင်ကာ နှစ်ဖက်အစိုးရနှင့်ကုန်သည်ကြီးများက ကြိုးပမ်းလာခဲ့သည်။

တရုတ်နိုင်ငံအစိုးရဘက်မှ COVID-19 ကူးစက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့နယ် အတွက် ပေါင်းရှန်းပြည်နယ်အစိုးရက လူဦးရေ ၇၅၂၀၀ အတွက် လှူဒါန်းထားကြောင်း၊ စက်တင်ဘာ ၁၄ ရက်က ကန်ပိုင်တီး နယ်စပ်ဂိတ်မှတစ်ဆင့် ရောက်ရှိလာကြောင်း၊ ၁၆ ရက်မှ စတင်ကာထိုးနှံနေကြောင်း၊ အုပ်စု ၂၃ စုကို အဓိကထားပြီး စုဖွဲ့ အလုပ်သမားများ၊ စစ်ဘေးရှောင်များ၊ ကုန်စုံဆိုင်များ၊အသက် ၄၀ နှင့်အထက်အုပ်စုများ ပါဝင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ

နုကျွန်းပြည်နယ်ခွဲမှ ဆေးအလုံးရေ နှစ်သိန်း(လူတစ်သိန်းစာအတွက်) စက်တင်ဘာလအတွင်း ဖီမော်ဂိတ်မှတင်သွင်းကာ ချီဖွေမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း ကချင်ပြည်နယ် ကျန်းမာရေးဌာနကသိရသည်။ ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးစခန်းသည် မြစ်ကြီးနားမြို့နှင့် ၈၅ မိုင်ကွာဝေးပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါက်ဆန်းခရိုင်၊ ထိန်ချုံးမြို့နယ်နှင့် ထိစပ်နေပြီး ထိန်ချုံးမြို့နှင့် ၅၁ မိုင်ကွာဝေးကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဂိတ်မှာ ဗန်းမော်မြို့မှ ၅၆ မိုင် ၄ ဖာလုံအကွာတွင်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လုံချွမ်ခရိုင်၊ ကျန်းဖုန်းမြို့နယ်၊ လိုင်းရင်းကျေးရွာနှင့် ထိစပ်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့်ကချင်ပြည်နယ်တို့ တရားဝင် အဓိကဆက်သွယ်သည့်ဝင်ပေါက်မှာ ကန်ပိုင်တည်ဝင်ပေါက်နှင့် လွယ်ဂျယ်ဝင်ပေါက်၊ ပန်ဝါဝင်ပေါက်တို့ကို အဓိက အသုံးပြုနေသည်။ ထို့ပြင် လိုက်ဇာ၊ မန်ဝိန်းကြီးဝင်ပေါက်များကိုလည်း အသုံးပြုနေကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/223190

## ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဈေးကွက်အတွင်း တစ်ရက်လျှင် ရွှေပိသာချိန် ၅၀ အရောင်းအဝယ်ဖြစ်လျက်ရှိ




ရန်ကုန်တိုင်းဒေသကြီး၏ ရွှေဈေးကွက်အတွင်း တစ်ရက်လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆင်ဟွာသို့ ယနေ့ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။ “အခုကရွှေဆိုင်တွေလည်း အကုန်လုံးနီးပါး ပြန်ဖွင့်လာပြီ။ ဒါကြောင့် ရွှေပြန်ရောင်းသူတွေဆီကလည်း ရွှေပြန်ရတယ်။ ရွှေတွင်းတွေကလည်း ရွှေတွေထွက်လာပြီဆိုတော့ ဈေးကွက်ထဲ မှာ ရွှေကုန်ကြမ်း အလုံအလောက်ရှိနေပြီး နေ့စဉ် ရွှေပိသာချိန် ၅၀ လောက် အရောင်းအဝယ်ဖြစ်နေတယ်” ဟု ၎င်းက ပြောသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်လောက်ကစတင်ပြီး ရွှေဈေးနှုန်း အတက်အကျတည်ငြိမ်လာကြောင်းနှင့် ဈေးကွက်မှာ တဖြည်းဖြည်းပုံမှန် အနေအထားသို့ ပြန်ရောက်လာကြောင်း ၎င်းဆိုသည်။ လက်ရှိအနေအထားအရ ရွှေဈေးအတက် အကျမှာ ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာဈေးပေါ်တွင်သာ မူတည်ကြောင်းသိရသည်။ “ကောလာဟလ သတင်းအမှားတွေကို ယုံကြည်ပြီး အရောင်းအဝယ်မလုပ်ကြဖို့လည်း ကျွန်တော်တို့အသင်းအနေနဲ့ အသိပေးကြေညာထားပါတယ်။ ဒါကြောင့် လက်ရှိမှာတော့ ကောလာဟလကြောင့် ရွှေကိုအလုအယက်ဝယ်တာတော့ သိပ်မရှိတော့ပါဘူး” ဟု ၎င်းကဆက်ပြောသည်။

ပွင့်လင်းရာသီရောက်လာပြီဖြစ်သောကြောင့် လက်ရှိတွင် အခြားနှစ်များကအတိုင်း ရွှေအဝင်များ ပုံမှန်အတိုင်းရှိကြောင်း သိရသည်။ ဇန်နဝါရီ ၄ ရက်ညနေဘက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁၈၀၆ ဒေါ်လာရှိပြီး၊ မြန်မာရွှေဈေး တစ်ကျပ်သားလျှင် ၁,၈၂၅,၀၀၀ ကျပ် ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:**https://xinhuamyanmar.com/news/business/%e1%80%9b%e1%80%94%e1%80%ba%e1%80%80%e1%80%af%e1%80%94%e1%80%ba%e1%80%90%e1%80%ad%e1%80%af%e1%80%84%e1%80%ba

## အာဖရိကဝက်တုပ်ကွေး ဖြစ်ပွားလျက်ရှိသော်လည်း ဝက်သားဝယ်လိုအားမြင့်မားသော တရုတ်နိုင်ငံသည် ဝက်သားတင်သွင်းခွန် တိုးမြှင့်ခဲ့သောကြောင့် အမေရိကန်နိုင်ငံမှ ဝက်သားထုတ်လုပ်တင်ပို့သူများ စိုးရိမ်ပူပန်လျက်ရှိခြင်း


တရုတ်နိုင်ငံသည် ပြည်တွင်း၌ ဝက်သားထုတ်လုပ်မှု ပိုမိုတိုးချဲ့ထုတ်လုပ်မည်ဖြစ်သည့် အတွက်ဝက်သားတင်သွင်းမှု လျှော့ချမည်ဖြစ်သောကြောင့် လာမည့်နှစ်တွက် ဝက်သားတင်သွင်းခွန်များ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင်ပါဝင်သည့် Most Favoured Nations (MFN) Tariff အား လက်ရှိတွင် (၈) ရာခိုင်နှုန်းကောက်ခံရာမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ (၁၂) ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အာဖရိကဝက်တုပ်ကွေးဖြစ်ပွားမှုနှင့် ဝက်သားဝယ်လိုအား မြင့်တက်မှုတို့ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အေးခဲဝက်သား တင်သွင်းခွန်အား (၁၂) ရာခိုင်နှုန်းမှ (၈) ရာခိုင်

နှုန်းသို့လျှော့ချခဲ့ကြောင်း၊ ဝက်သားတင်သွင်းမှုများမှာ သိသာစွာမြင့်တက်ခဲ့ပြီး ပထမနှစ်ဝက်အတွင်းတွင် ဆက်လက်မြင့်တက်ဆဲဖြစ်ကြောင်း၊ တတိယသုံးလပတ်တွင် ဝက်သားထုတ်လုပ်မှု ကုန်ကျစရိတ်လျော့ကျခဲ့ပြီး ဝက်သားဈေးနှုန်းလည်း ကျဆင်းခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်အား သင့်လျော်စွာအသုံးချပြီး ပြည်တွင်းဈေးကွက်တွင် ကုန်ဈေးနှုန်းနှင့်ကုန်ပစ္စည်းပံ့ပိုးမှု တည်ငြိမ်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“ US Pork producers ‘concerned’ as China raises import tariffs despite African swine fever, high demand” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် တင်သွင်းခွန်များ တိုးမြှင့်ကောက်ခံခြင်းဖြင့် ပို့ကုန်အများဆုံးတင်ပို့သည့်နိုင်ငံများဖြစ်သည့် အမေရိကန်၊ စပိန်နိုင်ငံအစရှိသောနိုင်ငံများမှ တင်သွင်းမှုများ နှေးကွေးလာနိုင်ပြီး မကြာမီလများအတွင်းကလည်း သိသာစွာ လျော့ကျခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပေကျင်းနှင့်ဝါရှင်တန်အကြား ကုန်သွယ်ရေးစစ်ပွဲကာလအတွင်းတွင် တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံမှ ဝက်သားတင်ပို့မှုအများစုမှာ MFN Tariff  အပြင် retaliatory tariff အဖြစ် (၂၅) ရာခိုင်နှုန်းပေးဆောင်ရကြောင်း၊ ဝက်သားတင်သွင်းခွန်အတွက် တရုတ်နိုင်ငံမှ MFN Tariff  ထပ်မံတိုးမြှင့်ခြင်းမှာ တရုတ်နိုင်ငံ၏ ဝက်သားဝယ်လိုအား မြင့်မားခြင်းနှင့် အာဖရိကဝက်တုပ်ကွေးဖြစ်ပွားခြင်းအစရှိသည်တို့နှင့်ပတ်သက်၍ ဆက်လက်စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ဝက်သားတင်သွင်းမှုမှာ ယခင်နှစ်က တင်သွင်းခွန် (၈)ရာခိုင်နှုန်းကောက်ခံခဲ့ရာ ဝက်သားတန်ချိန်သန်းပေါင်း (၃.၃၄) တန် တင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင်ဝက်သားတန်ချိန် (၂၀၀,၀၀၀) သာ တင်သွင်းခဲ့ရာ (၄၀) ရာခိုင်နှုန်း လျော့ကျ ခဲ့ကြောင်း၊ အခွန်ကောက်ခံမှုတိုးမြှင့်ခြင်းမှာ ပို့ကုန်တင်ပို့သူများအတွက် စိန်ခေါ်မှုများပိုမိုကြုံတွေ့နိုင်ကြောင်း၊ အမေရိကန် ဝက်တုပ်ကွေးမှာ အခြားသောပြည်နယ်များမှ ကုန်တင်ကားနှစ်စီးဖြင့် တင်သွင်းလာသော ဝက်သားများတွင် တွေ့ရှိခဲ့ကြောင်း တရုတ်နိုင်ငံ၊ ဟီဘေပြည်နယ်မှ (၁၅-၁၂-၂၀၂၁) ရက်နေ့ တွင် ပြောကြားခဲ့ကြောင်း၊ အဆိုပါ ကုန်တင်ကား (၂) စီးတွင် ဝက်အရှင် ကောင်ရေ (၂၄၅) ကောင်နှင့် ဝက်အသေ (၉) ကောင်အားတွေ့ရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ၌ အာဖရိကဝက်တုပ်ကွေးအား ၂၀၁၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ဝက်ကောင်ရေမွေးမြူမှု မူလအရေအတွက်သို့ ပြန်လည်ရောက်ရှိရန် ပေကျင်းမှလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ အနောက်တိုင်းပိုင်းရှိ စီချွမ်ပြည်နယ်နှင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ မွန်ဂိုလီယားအတွင်းပိုင်းဒေသတို့၌ အာဖရိကဝက်တုပ်ကွေးတွေ့ရှိခဲ့ကြောင်း တရုတ်နိုင်ငံ၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြပါရှိကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## တောင်ကိုရီးယားနိုင်ငံ၏ ပထမဦးဆုံး ဒစ်ဂျစ်တယ်ကုန်သွယ်ရေးသဘောတူညီချက် ဖြစ်သော Korea-Singapore Digital Partnership Agreement (DPA) အား အပြီးသတ် ဆွေးနွေးပြီးစီးမှုအခြေအနေ





တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီး Yeo Han-kooနှင့် စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး Tan See Leng တို့သည် “Korea-Singapore Digital Partnership Agreement (DPA)” အားအပြီးသတ် ဆွေးနွေးပြီးစီးမှုအတွက် ပူးတွဲကြေညာချက် တစ်ရပ်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဤ DPA သည် တောင်ကိုရီးယားနိုင်ငံ၏ပထမဦးဆုံးသော ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှစတင်၍ Video Conferencing ဖြင့် (၁၀) ကြိမ်တိုင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများပါဝင်ကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား DPA ကို အပြီးသတ်ဆွေးနွေးနိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံအကြား Bilateral FTA ကိုတိုးချဲ့ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပြည့်စုံသော ကမ္ဘာ့ ဒစ်ဂျစ်တယ်ကုန်သွယ်မှုစည်းမျဉ်းများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ဤ DPA သဘောတူညီချက်သည် လက်တွေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ New Southern Policy ၏ အဓိကမိတ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်သော စင်ကာပူနိုင်ငံနှင့် ဒစ်ဂျစ်တယ်စက်မှုလုပ်ငန်းကဏ္ဍအသစ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အာဆီယံဈေးကွက်တွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကိုအခြေပြု၍ ပို့ကုန်ကဏ္ဍအသစ်များဖန်တီးနိုင်ရေး ပိုမိုခိုင်မာအားကောင်းစေမည့် လမ်းသစ်တစ်ရပ်ပင် ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေး ဝန်ကြီး Yeo Han-koo က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဤဒစ်ဂျစ်တယ်ကုန်သွယ်မှုသဘောတူညီချက်တွင် အဓိကအားဖြင့် အီလက်ထရွန်နစ်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအတွက် ကုန်သွယ်မှုစည်းမျဉ်းများကို ပြဋ္ဌာန်းထားပြီး e-commerce ၏ ပံ့ပိုးကူညီမှု၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လာရေး၊ အကောက်ခွန်များဖယ်ရှားခြင်းနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များအတွက် ခွဲခြားဆက်ဆံမှုမရှိရေးအပြင် Customer Production နှင့် Cybersecurity စသည်တို့ပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာအခြေအနေများကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation)နှင့် ထိတွေ့မှုကင်းမဲ့သော စီးပွားရေး (Contactless Economy) တို့နှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ဒေသတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှု စည်းမျဉ်းများအားဆွေးနွေးမှုများကို တက်ကြွစွာပြုလုပ်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု သဘောတူညီချက်များသည် အွန်လိုင်းအခြေပြု ပိုမိုမြန်ဆန်၍ လုံခြုံသောအရောင်းအဝယ်ပြုလုပ်ခြင်းကိုသာမက တေးဂီတနှင့်ရုပ်ရှင်များအပြင် အခြားသော အွန်လိုင်းဝန်ဆောင်မှုအမျိုးမျိုး၊ ပညာရေး၊ ဘဏ္ဍာရေးနှင့်ဆေးဘက်ဆိုင်ရာ အကြံပေးခြင်းစသည်တို့အပါအဝင် Online Platform များမှ တစ်ဆင့်ဆောင်ရွက်သော ဒစ်ဂျစ်တယ်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို အဆင်ပြေချောမွေ့စေမည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။ ကိုရီးယား-စင်္ကာပူ ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်က မျှော်လင့်ထားသော ရလဒ်များအနေဖြင့် စင်ကာပူနိုင်ငံနှင့် New Southern Policy ဆိုင်ရာနိုင်ငံများတို့နှင့် ပိုမိုခိုင်မာသော ဒစ်ဂျစ်တယ်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်နိုင်ရေး၊ ဒစ်ဂျစ်တယ်နှင့် ထိတွေ့မှုမဲ့ပို့ကုန် (Digital & Contactless Export) များ တိုးချဲ့ခြင်းအပြင် အာဆီယံဈေးကွက်တွင် SMEs နှင့် Startup များအတွက် အခွင့်အလမ်းများတိုးမြင့်စေရေး၊ အာရှ-ပစိဖိတ်ဒေသသာမက အခြားဒေသများ၌ ကုန်သွယ်မှု စည်းမျဉ်းများ ချမှတ်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှပါဝင်ရေး မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များအနေဖြင့် ကိုရီးယား-စင်္ကာပူ DPA ကိုတရားဝင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် သက်ဆိုင်ရာနှစ်နိုင်ငံ၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် သဘောတူညီထားသောကြောင့် တောင်ကိုရီးယားအစိုးရအနေဖြင့် DPA သဘောတူညီချက်အား ဘာသာပြန်ဆိုခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပါအဝင် နောက်ဆက်တွဲအစီအမံများကို လျင်မြန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ကြေညာချက်များအရ လေ့လာသိရှိရပါသည်။

Source: **Ministry of Trade, Industry and Energy of Korea(MOTIE)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

# STOCK EXCHANGE (5.1.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 180 | 1,494,000 | 33,109,694 | 274,810 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 1,620 | 4,916,000 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 15 | 117,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 19,977,223 | 57,934 |
| AMATA | 00007 | 6,000 | +0 | +0.00% | 6,000 | 6,000 | 6,000 | 8 | 48,000 | 10,497,598 | 62,986 |

## Market summary

As of 5th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.98 | -1.91 | -0.49% | 391.89 | 391.89 | 388.86 | 1,823 | 6,575,000 | 7 | 678,420 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 5th Jan. 2022

| MYANPIX | 389.98 ▼ 1.91 |
|---|---|
| Total Volume (shares) | 1,823 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 678,420 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 6,000 | ▲ 0 |